UNHCR
The UN Refugee Agency

# THAILAND

4 - 16 December 2015

## MEDIA MONITORING REPORT #139

## ငြိမ်းချမ်းရေးနှင့်ပြန်လည်ရင်ကြားစေ့ရေး

### လာမည့်အစိုးရအသစ်ကိုမြန်မာစစ်ဦးစီးချုပ်သန်းရွှေကလက်ခံ

BBC News, 6  December 2015

မြန်မာစစ်ဦးစီးချုပ်ဟောင်းသည်ယခင်ရန်သူဟောင်းဖြစ်သည့်ဒေါ်အောင်ဆန်းစုကြည်အားနိုင်ငံ၏အနာဂတ်ခေါင်းဆောင်အဖြစ်သိရှိနားလည်ထားပြီးဋ္ဌင်းတို့၏လျှို့ဝှက်သောတွေ့ဆုံမှုတွင်စုကြည်ကိုထောက်ခံမည်ဖြစ်ကြောင်းဗိုလ်ချုပ်မှူးကြီး၏မြည်းမှပြောကြားခဲ့သည်။


Credit: RFA

လွန်ခဲ့သည့်သောကြာနေ့၏တွေ့ဆုံမှုအသေးစိတ်အချက်အလက်များကိုဗိုလ်ချုပ်မှူးကြီးမြည်းမှမှထုတ်ဖေါ်ပြောဆိုခဲ့သည်။

သူမသည်အနာဂတ်ခေါင်းဆောင်အမှန်တကယ်ဖြစ်လာမည်ဖြစ်သည်။ကျွန်တော်အနေဖြင့်သူ့မအားအစွမ်းကုန်ထောက်ခံမည်ဟုဗိုလ်ချုပ်ကြီးမှတွေ့ဆုံဆွေးနွေးချိန်တွင်ပြောကြားခဲ့သည်ဟုဗိုလ်ချုပ်ကြီး၏မြည်းနေရွှေသွေးအောင်ကထုတ်ဖေါ်ပြောဆိုခဲ့သည်။

http://www.bbc.com/news/world-asia-35019032

### မြန်မာစစ်တပ်နှင့်ကရင့်တော်လှန်ရေးအဖွဲ့များကိုလံဘီယာနိုင်ငံသို့အလည်သွား

The Irrawaddy, 4 December 2015

မြန်မာစစ်တပ်ကိုယ်စားလှယ်၊ကရင်တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်များနှင့်အစိုးရဆိုင်ရာမြန်မာငြိမ်းချမ်းရေးစင်တာကိုယ်စားလှယ်များအဖွဲ့သည်နိုင်ငံ၏ငြိမ်းရေးလုပ်ငန်း စဉ်ကိုလေ့လာရန်ကိုလံဘီယာနိုင်ငံသို့ယခုအပတ်တွင်အလည်အပတ်ရောက်ရှိလာခဲ့သည်။ဋ္ဌင်းကိုယ်စားလှယ်တွင်ပါ ဝင်သောပုဂ္ဂိုလ်များမှာစစ်တပ်မှအဆင့်မြင့်အ ရာရှိဒုဗိုလ်ချုပ်ရဲအောင်နှင့်ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ကရင်အမျိုးသားအစည်းအရုံး(KNU)မှအကြံပေးအရာရှိဖြစ်သည့်တူးတူးလေးနှင့်ဗိုလ်မှူးဖေါ်ဒို့(DKBA)မှဒုတိယစစ်



ဦးစီးချုပ်ဗိုလ်ချုပ်စောမိုးစက်တို့ဖြစ်သည်။မြန်မာငြိမ်းချမ်းရေးစင်တာ(MPC)မှဦးလှမောင်ရွှေ၏ပြောပြချက်အရ (KNU/KNLA)မှကိုယ်စားလှယ်အနည်းဆုံးတစ်ဦးနှင့်( MPC)အဖွဲ့ဝင်များလည်းပါ ဝင်သည်ဟုဆိုသည်။

မြန်မာစစ်တပ်အရာရှိများနှင့်လက်နက်ကိုင်အဖွဲ့များဤကဲ့သို့ပူးတွဲကိုယ်စားအဖြင့်ပူးပေါင်းဆောင်ရွက်ခြင်းသည်ပထမဆုံးအကြိမ်ဖြစ်သည်။၎င်းတို့သည်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်စစ်ရေးပဋိပက္ခဖြေရှင်းမှုနှင့်ပတ်သက်သည့်အကြောင်းအရာများကိုကိုလံဘီယာနိုင်ငံတွင်လေ့လာမှုပြုလုပ်ခြင်းဖြစ်သည်ဟုလှမောင်ရွှေကဆိုသည်။

http://www.irrawaddy.com/burma/102296.html

## တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး(NCA)စာချုပ်ကိုပြည်ထောင်စုလွှတ်တော်အတည်ပြု

The Global New Light of Myanmar, 8 December 2015

တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်(NCA)တွင်လက်မှတ်ရေးမထိုးသေးသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များလာမည့်အစိုးရသစ်လက်ထက်တွင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာပိုမိုအောင်မြင်နိုင်လိမ့်မည်ဟုယူဆပါကြောင်းပြောဆိုခဲ့သည်။

အထွေထွေရွေးကောက်ပွဲနှင့်တစ်နိုင်ငံလုံးနိုင်ငံရေးဆွေးနွေးမှုများတွင်အစိုးရအသစ်မှပါ ဝင်ဆောင်ရွက်မှုများရှိလာခဲ့သည့်နောက်ပိုင်းယင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်အစိုးရအသစ်အကြားပူးပေါင်းဆောင်



ရွက်မှုများပြုလုပ်လာသည်ဟုလွန်ခဲ့သည့်အင်္ဂါနေ့တွင်လွှတ်တော်၌ဦးအောင်မင်းမှပြောဆိုခဲ့ပါသည်။ တက်ရောက်လာသည့်ကိုယ်စားလှယ်များမှသတ်မှတ်ထားသောအချက်အလက်များကိုလိုက်နာရန်လိုအပ်သည်ဟုဦးအောင်မင်းမှမှတ်စုတင်ခဲ့ပါသည်။ အပစ်အခတ်ရပ်စဲရေးစာချုပ်သည်အမျိုးသားပြန်လည်သင့်မြတ်စေရေး,စည်းလုံးညီညွတ်မှုနှင့်လူထုအကျိုးခံစားခွင့်များစသည်တို့ကိုရည်ရွယ်ထားခြင်းဖြစ်သည်။

အပစ်အခတ်ရပ်စဲရေးစာချုပ်ကိုလွှတ်တော်အစည်းအဝေးတွင်အတည်ပြုခဲ့သည်။

http://globalnewlightofmyanmar.com/nca-approved-by-pyidaungsu-hluttaw/

## ကျွန်မတို့အားလုံးအတူတကွလုပ်ငန်းပူးပေါင်းဆောင်ရွက်မည်ဟုစုကြည်ကတိုင်းရင်းသားဥပဒေပြုအမတ်များအားပြော

The Irrawaddy, 8 December 2015

အောင်ဆန်းစုကြည်နှင့်တိုင်းရင်းသားဥပဒေပြုအမတ်များနေပြည်တော်၌တနင်္လာတွင်တွေ့ဆုံပြီး၎င်းတို့အား(NLD)ဦးဆောင်သောအစိုးရလက်အောက်တွင်အတူတကွလုပ်ငန်းပူးပေါင်းဆောင်ရွက်ရန်စုကြည်ကတိုက်တွန်းအားပေးခဲ့သည်။

နိုင်ငံရေးပါ တီအသီးသီးမှတာဝန်ထမ်းဆောင်ဆဲတိုင်းရင်းသားလွှတ်တော်အဖွဲ့ဝင်များ၊ထွက်ခွါသွားမည့်ဥပဒေပြဌာန်းသူနှင့်ပြန်လည်ရွေးချယ်ခံရသည့်ဥပဒေပြဌာန်သူများအပါ အဝင်နိုင်ငံ၏မြို့တော်၌တနင်္လာနေ့မွန်းလွဲပိုင်းတွင်ကျင်းပသောတွေ့ဆုံဆွေးနွေးပွဲကိုတက်ရောက်ခဲ့ကြသည်။



၁၉၄၇ ခုနှစ်တွင်သူမ၏ဖခင်ဗိုလ်ချုပ်အောင်ဆန်းနှင့်တိုင်းရင်းသားခေါင်းဆောင်များအချို့လက်မှတ်ရေးထိုးခဲ့သောပင်လုံညီညွတ်ရေးသဘောတူညီချက်စာချုပ်အပေါ်နိုင်ငံကိုတည်ဆောက်သင့်သည်ဟုစုကြည်ကဆိုသည်။၎င်းပင်လုံညီညွတ်ရေးသဘောတူညီချက်စာချုပ်သည်တိုင်းရင်းသားလူမျိုးစုအတွက်အရေးပါ သည့်ကိုယ်ပိုင်အုပ်ချုပ်မှုအခွင့်အလမ်းများကိုဖွင့်ပေးသည်ဟုသိရှိနားလည်ခဲ့ကြသည်။

အထွေထွေရွေးကောက်ပွဲတွင်သူမ၏ပါ တီအနိုင်ရရှိပြီးနောက်တစ်လတွင်သူမသည်စည်းလုံးညီညွတ်မှုရရှိခြင်းနှင့်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးရရှိနိုင်ရန်အတွက်အတူတကွလုပ်ငန်းပူးပေါင်းဆောင်ရွက်ခြင်းစသည်တို့ကိုအရေးတကြီးအရေးစိုက်ခဲ့သည်။

http://m.irrawaddy.com/election/news/suu-kyi-tells-ethnic-lawmakers-we-need-to-work-together

## မြန်မာနိုင်ငံညှိနှိုင်းဆွေးနွေးရေးအဖွဲ့ခေါင်းဆောင်မှအောင်ဆန်းစုကြည်အားငြိမ်းချမ်းရေးဖေါ်ဆောင်ရေးလုပ်ငန်းစဉ်ကိုအသေးစိတ်ရှင်းလင်းတင်ပြပေး

Radio Free Asia, 9 December 2015

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ပြန်လည်ရင်ကြားစေ့ရေးနှင့်ပတ်သက်ပြီးဆွေးနွေးမှုများပြုလုပ်ရန်မြန်မာအတိုက်အခံပါ တီခေါင်းဆောင်အောင်ဆန်းစုကြည်နှင့်ဦးအောင်မင်းတို့တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခဲ့သည်။

လွန်ခဲ့သည့်လအတွင်းအထွေထွေရွေးကောက်ပွဲပြုလုပ်ခဲ့ပြီးနောက်သူမဦးဆောင်သော( NLD)ပါ တီမှအစိုးရအသစ်တည်ထောင်ရန်အတွက်ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေပါ သည်ဟုပါ တီ၏အရာရှိတစ်ဦးကဗုဒ္ဓဟူးနေ့တွင်ထုတ်ဖေါ်ပြောဆိုခဲ့သည်။



အောင်တိုဘာလ(၁၅)ရက်နေ့တွင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့နှင့်အစိုးရအကြားလက်မှတ်ရေးထိုးခဲ့သည့်(NCA)စာချုပ်အပေါ်လာမည့်( NLD)ပါ တီ၏အုပ်ချုပ်ရေးနှင့်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန်အတွက်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၁)ဖွဲ့များမှကော်မတီတစ်ဖွဲ့ကိုဖွဲ့စည်းရန်ဗုဒ္ဓဟူးနေ့တွင်ဆုံးဖြတ်ချက်ချခဲ့သည်။၎င်းဆုံးဖြတ်ကိုမချမှီ၎င်းဆွေးနွေးမှုအစည်းအဝေးကိုရှေ့ဦးစွာပြုလုပ်ခဲ့သည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်( NCA)ကိုအစိုးရပုဂ္ဂိုလ်များမည်ကဲ့သို့ဖေါ်ဆောင်ခဲ့သည်နှင့်မြန်မာငြိမ်းချမ်းရေးစင်တာ( MPC)များမည်သည့်အရာများကိုလုပ်ဆောင်နေသည်ကိုဦးအောင်မင်းမှအောင်ဆန်းစုကြည်အား

၎င်းတို့တွေ့ဆုံဆွေးနွေးမှုပြုလုပ်ချိန်တွင်ရှင်းလင်းစွာပြောပြခဲ့သည်ဟု( NLD)အဆင့်မြင့်အရာရှိဖြစ်သူဝင်းထိန်က (RFA)မြန်မာသတင်းကိုပြောပြခဲ့သည်။

http://www.rfa.org/english/news/myanmar/peace-12092015161421.html

## အပစ်အခတ်ရပ်စဲရေးစာချုပ်လက်မှတ်မရေးထိုးရသေးသည့်အဖွဲ့များလာမည့်အစိုးရအပေါ်မျှော်လင့်ချက်ရှိ

Myanmar Times, 14 December 2015

အစိုးရ၊နိုင်ငံရေးပါ  တီများနှင့်လက်မှတ်ရေးထိုးခဲ့သောအဖွဲ့(၈)ဖွဲ့ကိုကိုယ်စားပြုထားသောပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညှိနှိုင်းဆွေးနွေးရေးပူးတွဲကော်မတီသည်အခြေခံမူနှင့်ပတ်သက်ပြီးနောက်ဆုံးအကြိမ်ဆွေးနွေးပွဲကိုမြို့တော်၌ယနေ့တွင်စတင်ပြုလုပ်မည်ဖြစ်သည်။တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်တွင်သတ်မှတ်ထားသည့်နောက်ဆုံးအချိန်အရဤနေ့တွင်အခြေခံမူကိုအတည်ပြုရမည်ဖြစ်ပြီးအပြန်အလှန်ဆွေးနွေးပွဲကို(၃၀)ရက်တာနောက်ပိုင်းတွင်စတင်ရမည်ဖြစ်သည်။


Credit: Irrawaddy

လက်မှတ်မရေးထိုးရသေးသည့်အဖွဲ့-အဓိကအားဖြင့်ရှမ်းပြည်နယ်နှင့်ကချင်ပြည်နယ်တွင်အခြေချသည့်အဖွဲ့များသည်လာမည့်ဒေါ်အောင်ဆန်းစုကြည်၏အစိုးရမှ၎င်းတို့အားညှိနှိုင်းဆွေးနွေးပွဲတွင်နေရာအပြည့်အဝပေးမည်ဟုမျှော်လင့်ချက်ရှိသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကဒေါ်အောင်ဆန်းစုကြည်သည်အပယ်ခံရသည့်အဖွဲ့သုံးဖွဲ့အားအပစ်အခတ်ရပ်စဲရေးစာချုပ်တွင်ပါဝင်ခွင့်ပေးမည်ဟုယုံကြည်ကြသည်။ထို့နောက်ယခုလက်ရှိစစ်အစိုးရလက်အောက်ထက်လာမည့်အစိုးရလက်ထက်တွင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်မြောက်ရန်ပိုမြန်မည်ဟု၎င်းတို့ကထင်မြင်ကြသည်။

http://www.mmtimes.com/index.php/national-news/nay-pyi-taw/18113-non-ceasefire-groups-pin-hopes-on-next-govt.html

## နိုင်ငံရေးဆွေးနွေးပွဲတွင်ကိုယ်စားလှယ်(၇၀၀)ယောက်တက်ရောက်မည်

Mizzima News, 16 December 2015



ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးမှုပူးတွဲကော်မတီ၏တတိယမြောက်အစည်းအဝေးကိုယမန်နေ့တွင်ပြီးဆုံးခဲ့ပြီးနိုင်ငံရေးဆွေးနွေးပွဲမူကြမ်းကိုအတည်ပြုခဲ့သည်နှင့်ပူးပေါင်းပါ  ဝင်သည့်အဖွဲ့များမှကိုယ်စားပြုသူအချိုးအစားမည်မျှပါ  ဝင်မည်ကိုလည်းအဆုံးအဖြတ်ပေးခဲ့သည်။

ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးမှုပူးတွဲကော်မတီမှလာမည့်နိုင်ငံရေးဆွေးနွေးပွဲကိုဇန်နဝါ  ရီလ(၁၄)ရက်နေ့၊(၂၀၁၆)ခုနှစ်မတိုင်မီပြုလုပ်မည်ဖြစ်ပြီးကိုယ်စားလှယ်များ(၇၀၀)ယောက်တက်ရောက်ကြမည်ဖြစ်သည်။

http://www.mizzima.com/news-domestic/700-representatives-participate-political-dialogue

## စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု

### မြန်မာနိုင်ငံ၏ကုန်သွယ်ခွင့်ပိတ်ပင်မှုကိုအမေရိကန်ကယာယီလျှော့ချ

Bangkok Post, 8 December 2015

အမေရိကန်နိုင်ငံမှမြန်မာနိုင်ငံ၏ကုန်သွယ်ခွင့်ပိတ်ပင်မှုကိုအင်္ဂါနေ့မှစ၍ယာယီလျှော့ချပေးလိုက်သည်။အထွေထွေရွေးကောက်ပွဲပြီးနောက်ပိုင်းတွင်ယင်းအဆိုပြုချက်များပြုလုပ်းလာသည့်အပေါ်စီးပွားရေးတိုးတက်လာသောအရှေ့တောင်အာရှတိုင်းပြည်များမှစီးပွားရေးခေါင်းဆောင်များကလိုက်လဲစွာကြိုဆိုခဲ့ပါသည်။



မြန်မာနိုင်ငံရွေးကောက်ပွဲတွင်အောင်ဆန်းစုကြည်ဦးဆောင်သောအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကပြတ်သားစွာအနိုင်ရရှိခဲ့ပြီးနောက် စီးပွားရေးနှင့်ပတ်သက်သည့်ပေါ်လစီပြောင်းလဲလာမှုများရှိလာခဲ့သည်။ယင်းပေါ်လစီပြောင်းလဲလာမှုရှိလာသည့်အပေါ်အမေရိကန်ကုမ္ပဏီများမှမြန်မာနိုင်ငံ၏အဓိကဆိပ်ကမ်းများနှင့်လေဆိပ်များကိုတိုက်ရိုက်ဆက်သွယ်ရန်ပိုမိုလွယ်ကူလာသည်။

မြန်မာနိုင်ငံသည်ဆယ်စုနှစ်များကာလတလျှောက်လုံးတွင်ရက်စက်သောစစ်အာဏာအုပ်ချုပ်မှုအောက်တွင်ရပ်တည်လာခဲ့ရပြီး(၂၀၁၁) ခုနှစ်တွင်ပြည်သူ့အမည်ခံအစိုးရသို့ကူးပြောင်းရန်အခွင့်အရေးရရှိလာခဲ့ပြီးနောက်ပိုင်းတွင်ဝါ  ရှင်တန်မှမြန်မာနိုင်ငံအပေါ်ချမှတ်ထားသောကုန်သွယ်ရေးပိတ်ပင်မှုများကိုလျှော့ချပေးခဲ့သည်။

http://www.bangkokpost.com/news/asean/788597/us-temporarily-lifts-myanmar-shipping-restrictions

### နယ်စပ်ဒေသရှိလူငယ်များနည်းပညာနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများရရှိ

The Global New Light of Myanmar, 13 December 2015

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်ဂျပန်နိုင်ငံရှိအစိုးရမဟုတ်သည့်( BAJ)အဖွဲ့အစည်းနှင့်ပေါင်းစပ်ပြီးယခုလက်ရှိတွင်နည်းပညာပိုင်းဆိုင်ရာနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းကျောင်းတစ်လုံးကိုဖားအံမြို့ကရင်ပြည်နယ်တွင်ဖွင့်လင့်ထားပါ  သည်။

၎င်းသင်တန်းကျောင်းသည်အကုန်အကျအမေရိကန်ဒေါ်လာ(၁.၅)သန်းရှိပြီး၎င်းအစီအစဉ်ကို(၂၀၁၃-၁၄)ခုနှစ်မှ(၂၀၁၈-၁၉)ခုနှစ်အထိဆောင်ရွက်သွားမည်ဟုရည်ရွယ်ထားသည်။ဤကျောင်းသည်နယ်စပ်ဒေသရှိလူငယ်များ(၃၁၉) ယောက်ကိုသင်တန်းပို့ချပေးခဲ့သည်။

http://issuu.com/gnlm7/docs/13_dec_15_gnlm

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren